# UPDATE ON PROPOSED USER FEES

နောက်စာမျက်နှာ တွင် မြန်မာ လို ဖတ်ပါ။

Dear Colleagues,

We are writing to share an important update following the extensive user fee survey conducted in Nov/Dec 2025, in which many of you participated. We wish to thank you for your time and for sharing your perspectives on this critical matter for MIMU's future.

We received 250 responses, with the majority from INGOs and NNGOs. The findings revealed that:

- 99% of NNGO respondents and 93% of INGO respondents reported that MIMU products and services contribute meaningfully to their programmes being better informed.
- High usage rates and satisfaction with core MIMU products such as HDP Nexus 5W, maps, and Place Codes.
- Around 1 in 5 respondents indicated a willingness to consider subscription packages. The majority cited budgetary limitations and funding uncertainty as barriers to participation: a reflection of the broader resource challenges facing the civil society community in Myanmar.

At the latest MIMU Stakeholder Board meeting, representatives of INGOs, NNGOs, United Nations agencies, and donors carefully reviewed these results and deliberated on the path forward.

**The Board has decided not to proceed with the user fee model at this time**, considering that:

- As a common service, introducing fees would disproportionately affect national NGOs and civil society that rely most heavily on MIMU resources and often have challenges developing such tools independently.
- Even under optimistic projections, user fee revenue would cover only a portion of the funding gap, while creating substantial administrative burden for both MIMU and subscribing organisations and result in double overheads.
- Over nearly two decades, MIMU has built its reputation on open access and collaborative information sharing.

Moving forward, while the user fee model will not be pursued, the Board has endorsed alternative strategies to address MIMU's funding situation, such as prioritising services, resource mobilisation, and potential cost recovery through paid trainings.

MIMU remains committed to serving the humanitarian, development, and peace community in Myanmar. Your continued engagement, whether through contributing data to the 5Ws, participating in trainings, or providing feedback on our products, strengthens the quality and relevance of our work.

We will continue to keep you informed of developments regarding MIMU's sustainability and welcome your input as we navigate these challenges together. We thank you again for your active participation. We also thank the European Union and the Australian Government (DFAT) for their continued generous support.

Should you have any questions or wish to discuss further, please contact us at info.mimu@undp.org.

Warm regards,
The MIMU Team

Myanmar Information Management Unit (MIMU)

# အခကြေးငွေကောက်ခံခြင်း ဆိုင်ရာ စစ်တမ်း ရလဒ် ကြေညာချက်

လေးစားအပ်ပါသော လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများ ရှင်

၂၀၂၅ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် ပြုလုပ်ခဲ့သော အသုံးပြုသူထံမှ အခကြေးငွေကောက်ခံခြင်း ဆိုင်ရာ စစ်တမ်း (User Fee Survey) နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ကို မျှဝေလိုပါသည်။ အဆိုပါစစ်တမ်းတွင် ပါဝင်ဖြေဆိုပေးခဲ့ကြသော လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများကိုလည်း ကျေးဇူးအထူးပင် တင်ရှိပါသည်။ MIMU ၏ အနာဂတ်အတွက် အရေးကြီးသော ယခုကိစ္စရပ်တွင် မိတ်ဆွေတို့၏ အချိန်ပေးမှုနှင့် သဘောထားအမြင်များကို ဝေမျှပေးခဲ့ကြခြင်းအပေါ် MIMU အနေဖြင့် များစွာတန်ဖိုးထားပါသည်။

စစ်တမ်းဖြေဆိုသူ စုစုပေါင်း ၂၅၀ ဦးရှိခဲ့ပြီး အများစုမှာ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs) နှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ (NNGOs) တို့ပါဝင်ခဲ့ကြပါသည်။ စစ်တမ်းတွေ့ရှိချက်များအရ-

- ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ (NNGO) ဖြေဆိုသူ ၉၉% နှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGO) ဖြေဆိုသူ ၉၃% တို့သည် MIMU ၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများသည် ၎င်းတို့၏ စီမံကိန်းလုပ်ငန်းများအတွက် အကျိုးရှိသော သတင်းအချက်အလက်များကို ပံ့ပိုးပေးကြောင်း ဖြေကြားခဲ့ကြပါသည်။
- MIMU ၏ အဓိကထုတ်ကုန်များဖြစ်သော HDP Nexus 5W၊ မြေပုံများ (Maps) နှင့် နေရာဒေသဆိုင်ရာ တည်နေရာကုဒ်များ (Place Codes) တို့ကို အများဆုံးအသုံးပြုကြပြီး ကျေနပ်မှုရှိကြောင်း ကိုလည်းတွေ့ရှိရပါသည်။
- ဖြေဆိုသူ ၅ ဦးတွင် ၁ ဦးခန့်က အသုံးပြုသူထံမှ အခကြေးငွေကောက်ခံခြင်း ဝန်ဆောင်မှုအစီအစဉ် (Subscription package) များအတွက် စဉ်းစားပေးနိုင်ကြောင်း ဖြေဆိုခဲ့ကြသည်။ အများစုမှာ ဘတ်ဂျက်ကန့်သတ်ချက်များနှင့် ရန်ပုံငွေမသေချာမှုများသည် အဓိကအတားအဆီးများ ဖြစ်နေကြောင်း ဖော်ပြခဲ့ကြပါသည်။ ၎င်းမှာ မြန်မာနိုင်ငံရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ထင်ဟပ်နေပါသည်။

လတ်တလောပြုလုပ်ခဲ့သော MIMU Stakeholder Board အစည်းအဝေးတွင် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs)၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ (NNGOs)၊ ကုလသမဂ္ဂအေဂျင်စီများနှင့် အလှူရှင်များမှ ကိုယ်စားလှယ်များသည် အဆိုပါရလဒ်များကို အလေးထားသုံးသပ်ပြီး ရှေ့ဆက်ရမည့်လမ်းစဉ်ကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

ဘုတ်အဖွဲ့ဝင်များအနေဖြင့် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားကာ ယခုအချိန်တွင် **အသုံးပြုသူအဖွဲ့အစည်းများ ထံမှ အခကြေးငွေကောက်ခံခြင်းစနစ် (User Fee Model) ကို မပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်-**

- အဖွဲ့အစည်းအားလုံးအတွက် ဝန်ဆောင်မှု တစ်ခုဖြစ်သည်နှင့်အညီ အခကြေးငွေကောက်ခံခြင်းသည် MIMU ၏ အရင်းအမြစ်များအပေါ် အဓိကအားထားနေရသော ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ (NNGOs) နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအပေါ် သိသိသာသာ သက်ရောက်မှု ရှိနိုင်သောကြောင့် ဖြစ်ပါသည်။
- တွက်ချက်မှုများ အရ အခကြေးငွေကောက်ခံခြင်းမှရရှိသော ဝင်ငွေသည် လိုအပ်နေသော ရန်ပုံငွေ၏ တစ်စိတ်တစ်ပိုင်း အနည်းငယ်ကိုသာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး၊ တစ်ဖက်တွင်လည်း MIMU နှင့် အဖွဲ့ဝင်အဖွဲ့အစည်းများအတွက် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို ဖြစ်စေကာ အထွေထွေအသုံးစရိတ် (Overheads) နှစ်ဆ ဖြစ်ပေါ်စေ နိုင်သောကြောင့် ဖြစ်ပါသည်။
- လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်စုနီးပါးအတွင်း MIMU ၏ ပုံရိပ်သည် သတင်းအချက်အလက်များကို လွတ်လပ်စွာရယူနိုင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့အပေါ်တွင် အခြေခံ တည်ဆောက်ခဲ့ခြင်း ကြောင့်လည်း ဖြစ်ပါသည်။

ရှေ့ဆက်လက်၍ အသုံးပြုသူအဖွဲ့အစည်းများ ထံမှ အခကြေးငွေ ကောက်ခံခြင်းကို ဆောင်ရွက်မည်မဟုတ်သော်လည်း MIMU ၏ ရန်ပုံငွေအခြေအနေကို ဖြေရှင်းရန်အတွက် ဝန်ဆောင်မှုများကို ဦးစားပေးအလိုက် ခွဲခြားခြင်း နှင့် အခပေးသင်တန်းများမှတစ်ဆင့် ကုန်ကျစရိတ်များကို ပြန်လည်ရှာဖွေခြင်း စသည့် အခြားသော နည်းလမ်းများကို ဆောင်ရွက်ရန် ဘုတ်အဖွဲ့မှ အတည်ပြုခဲ့ပါသည်။

MIMU အနေဖြင့် မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ လူမှုအသိုက်အဝန်းကို ဆက်လက်အကျိုးပြုသွားရန် သန္နိဋ္ဌာန်ချထားပါသည်။ 5Ws အတွက် အချက်အလက်များ ပံ့ပိုးပေးခြင်း၊ သင်တန်းများတွင် ပါဝင်ခြင်း သို့မဟုတ် MIMU၏ ထုတ်ကုန်များအပေါ် အကြံပြုချက်များပေးခြင်းဖြင့် လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတို့၏ ဆက်လက်ပူးပေါင်းဆောင်ရွက်မှုများ ကိုကျေးဇူးတင်ရှိပါသည်။ MIMU ၏ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပတ်သက်သည့် အခြေအနေ တိုးတက်မှု များကို ဆက်လက်အသိပေးသွားမည် ဖြစ်ပြီး၊ ဤစိန်ခေါ်မှုများကို အတူတကွ ကျော်ဖြတ်နိုင်ရန် လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတို့၏ အကြံပြုချက်များကို အမြဲကြိုဆိုလျက်ရှိပါသည်။ စိတ်အားထက်သန်စွာ ပူးပေါင်း ပါဝင်ပေးခဲ့ကြသည့်အတွက် ထပ်မံ၍ ကျေးဇူးအထူးတင်ရှိပါသည်။ ထို့အတူ ဥရောပသမဂ္ဂ (EU) နှင့် ဩစတြေးလျ (DFAT) တို့၏ စေတနာပြည့်ဝစွာ ပံ့ပိုးကူညီမှုများအတွက်လည်း ကျေးဇူးအထူးပင် တင်ရှိပါသည်။

အကယ်၍ မေးမြန်းလိုသည်များ သို့မဟုတ် ဆွေးနွေးလိုသည်များရှိပါက info.mimu@undp.org သို့ ဆက်သွယ်နိုင်ပါသည်။

ကျေးဇူးတင်စွာဖြင့်
MIMU အဖွဲ့

Myanmar Information Management Unit (MIMU)